ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၅)    ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၃ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၃ |
| ၂။ | ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့်ရေနံ နှင့် သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက် ခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၄-၅ |
| ၃။ | တောင်ကိုရီးယားနိုင်ငံ၏ပြစ်မှုဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတွင် ကလေးစွန့်ပစ်သူ မိဘ၊ အုပ်ထိန်းသူများကို ပြင်းထန်သည့်ပြစ်ဒဏ်များ ချမှတ် နိုင်သည့်ပုဒ်မများ ထည့်သွင်းပြဋ္ဌာန်းခြင်း။ | ၆-၇ |
| ၄။ | ထိုင်းနိုင်ငံ၏ Ignite Finance Initiative ကို ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးဗဟိုချက် ဖြစ်လာရန် မဟာဗျူဟာမြောက်တွန်းအားပေးမှု။ | ၈-၉ |
| ၅။ | New Zealand နိုင်ငံ၏ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်း ဆိုင်ရာတားမြစ်ချက်ကိုပြန်လည်ပြင်ဆင်ခြင်းဖြင့် စွမ်းအင်ကဏ္ဍမြှင့်တင်ခြင်း။ | ၁၀-၁၂ |
| ၆။ | စင်ကာပူနိုင်ငံတွင် တောရိုင်းတိရစ္ဆာန်များကို ကူးသန်းရောင်းဝယ်သည့်ပြစ်မှု များအား ကြီးလေးသည့်ပြစ်မှုများ(Serious Offences)အဖြစ်သို့ ပြောင်းလဲ သတ်မှတ်ခြင်း။ | ၁၃-၁၄ |
| ၇။ | နီပေါနိုင်ငံတွင် Tik Tok အသုံးပြုမှုပိတ်ပင်ခြင်းအား ရုပ်သိမ်းခြင်း။ | ၁၅ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သည့် မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ၊ အလုပ်သမားဝန်ကြီးဌာနမှထုတ်ပြန်သည့် ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ရန် သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

အလုပ်သမားဝန်ကြီးဌာနသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၃၁(ခ)အရ ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှတစ်ဆင့်လွှဲပြောင်းပေးပို့ရန်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ၂၈-၈-၂၀၂၄ ရက်နေ့၌ အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၂၄) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ထိုအမိန့်ကြော်ငြာစာအပိုဒ် ၁ ၌ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများသည် ပြည်ပနိုင်ငံတွင် မိမိတို့ရရှိမည့် လုပ်ခလစာ၏ အနည်းဆုံး ၂၅ % ကို မိမိ၏မိသားစုဝင်များထံသို့ တရားဝင်ဘဏ်စနစ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသည့် Remittance Business License (RBL) ရရှိသူများဖြင့်ဖြစ်စေ၊ ဘဏ်စနစ်ဖြင့် ချိတ်ဆက်ထားသော နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဖြင့်ဖြစ်စေ တစ်လလျှင်တစ်ကြိမ် လုပ်ခလစာ၏ ၂၅% သို့မဟုတ် အများဆုံး ၃လ လျှင် တစ်ကြိမ် ၃ လစာ စုစုပေါင်း၏ အနည်းဆုံး ၂၅% ကို မိမိ၏မိသားစုဝင်များထံသို့ သို့မဟုတ် မိခင်နိုင်ငံရှိ မိမိ၏ဘဏ်စာရင်းသို့ လွှဲပြောင်းပေးပို့ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အထက်အပိုဒ် ၁ ပါနည်းလမ်းများအတိုင်း မိမိ၏မိသားစုဝင်များထံသို့ တရားဝင်လွှဲပို့ထားသော မိသားစုလွှဲပို့ငွေများကို တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေရလမ်းဖော်ပြနိုင်သောငွေအဖြစ် ခံစားခွင့်ရရှိနိုင်ရေးအတွက် တရားဝင်လွှဲပြောင်းပေးပို့ခဲ့သည့်အထောက်အထားစာရွက်စာတမ်းများကို သေချာစွာ သိမ်းဆည်းထားရမည်ဖြစ်ကြောင်းနှင့် တရားဝင်ငွေလွှဲပေးပို့ထားသည့်အထောက်အထားများကို မိမိအား တာဝန်ယူစေလွှတ်ခဲ့သည့်အေဂျင်စီထံသို့ မပျက်မကွက် မိတ္တူပေးပို့ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများသည် မိမိစေလွှတ်ခဲ့သည့်အလုပ်သမားများအား တရားဝင်ငွေလွှဲပြောင်းပေးပို့ရာတွင် လွယ်ကူ၊ မှန်ကန်၊ မြန်ဆန်စေရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရမည့်အပြင် အလုပ်သမားများမှ လစဉ်လွှဲပို့သည့်အထောက်အထားများကို အလုပ်သမားဝန်ကြီးဌာနသို့ လချုပ်အဖြစ် အထောက်အထားများပူးတွဲလျက် မပျက်မကွက် တင်ပြရမည်ဖြစ်ပါသည်။

ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အပိုဒ် ၁ ပါနည်းလမ်းများအတိုင်း မိမိ၏မိသားစုဝင်များထံသို့ မိသားစုလွှဲပို့ငွေလွှဲပြောင်းပေးပို့ရန် ပျက်ကွက်သည်ကို စိစစ်တွေ့ရှိရပါက ပြည်ပသို့ အလုပ်ဖြင့်ထွက်ခွာမှုကို ကာလအကန့်အသတ်ဖြင့် ပိတ်ပင်ခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card – OWIC) ထုတ်ပေးမှုမပြုခြင်း၊ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးမြှင့်ခွင့်မပြုခြင်းစသည်တို့အပြင် လိုအပ်သလိုစိစစ်အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိ၏မိသားစုဝင်များထံသို့ ငွေလွှဲပို့ရာတွင် မိသားစုလွှဲပို့ငွေများကို တရားမဝင် ဟွန်ဒီလုပ်ငန်းလုပ်ကိုင်သူများမှတစ်ဆင့် ငွေလွှဲပြောင်းပေးပို့ခြင်းမပြုရန်နှင့် တရားဝင်လမ်းကြောင်းများမှသာ လွှဲပြောင်းပေးပို့ကြရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်ကို လေ့လာသိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၅) ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၃ ရက်

## ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့်သတင်းစဉ်

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ် ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့်ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းကို အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄ ဖြင့် ၂၂-၈-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်လိုက်ကြောင်း သိရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာဖြင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ) အရ အစိုးရကသာနိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ထုတ်လုပ်၊ဝယ်ယူ၊ရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏အစည်းအဝေးအမှတ်စဉ် ၅/၂၀၂၄ တွင် ခွင့်ပြုကြောင်းဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံမှ Petro & Trans Co., Ltd အား ကုန်းတွင်းလုပ်ကွက် PSC-D (မဟူတောင်ဒေသ)ရှိ ပွိုင့်အမှတ် ၁ (လတ္တီတွဒ် ၂၂° ၅' ၂၁.၉၁"၊ လောင်ဂျီတွဒ် ၉၄° ၂၅' ၈.၄၇")၊ ပွိုင့်အမှတ် ၂ (လတ္တီတွဒ် ၂၂° ၄' ၅၃.၄၈"၊ လောင်ဂျီတွဒ် ၉၄° ၂၈' ၂၄.၂")၊ ပွိုင့်အမှတ် ၃ (လတ္တီတွဒ် ၂၁° ၅၃' ၃၈.၃၉"၊ လောင်ဂျီတွဒ် ၉၄° ၂၆' ၃၁.၅")၊ ပွိုင့်အမှတ် ၄ (လတ္တီတွဒ် ၂၁° ၅၄' ၆.၇၆၃"၊ လောင်ဂျီတွဒ် ၉၄° ၂၃' ၁၅.၉")နယ်မြေသတ်မှတ်ချက်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့မှစ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်ကြောင်း၊ ယင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် Petro & Trans Co., Ltd သည် စွမ်းအင်ဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆိုထားသည့် တိုးတက်ထွက်ရှိလာသော ရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် Petro & Trans Co., Ltd အား လုပ်ကိုင်ဆောင်ရွက်

ခွင့်ပြုသော အဆိုပါလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် စွမ်းအင်ဝန်ကြီးဌာနကို လုပ်ပိုင်ခွင့် အပ်နှင်းလိုက်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့်ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စွမ်းအင်ဝန်ကြီးဌာန

## တောင်ကိုရီးယားနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတွင် ကလေးစွန့်ပစ်သူ မိဘ၊ အုပ်ထိန်းသူများကို ပြင်းထန်သည့်ပြစ်ဒဏ်များချမှတ်နိုင်သည့်ပုဒ်မများ ထည့်သွင်း ပြဋ္ဌာန်းခြင်း

တောင်ကိုရီးယားနိုင်ငံ၏ပြစ်မှုဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းတွင် မွေးကင်းစ ကလေးငယ်စွန့်ပစ်ခြင်းနှင့်သတ်ဖြတ်ခြင်း(abandonment and killing of infants)ကို ကျူးလွန်ပါက သေဒဏ်ချမှတ်နိုင်သည့်ပုဒ်မထည့်သွင်းရေးဆွဲခဲ့ပါသည်။ ဥပဒေကိုပြင်ဆင်ရန်ဆုံးဖြတ်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ စစ်တမ်းကောက်ယူချက်အရ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း အိမ်ထောင်ဖက်မရှိသူအမျိုးသမီးငယ်များက မွေးကင်းစကလေးငယ်ကို စွန့်ပစ်ခြင်း သို့မဟုတ် ယင်း စွန့်ပစ်ခြင်း၏ရလဒ်ကြောင့် စွန့်ပစ်ခံရသည့်ကလေးငယ်သေဆုံးခဲ့ရသည့်ဖြစ်ရပ်များ ပေါ်ပေါက်လာ ခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ အစောပိုင်းအထိကောက်ခံခဲ့သည့် အစိုးရစာရင်းဇယားများအရ မွေးကင်းစ ကလေးငယ်စွန့်ပစ်ခံရမှုကြောင့် မွေးကင်းစကလေးငယ်သေဆုံးသည့်ဖြစ်ရပ် ၁၀ ခုအနက် ၈ ခုတွင် ကျူးလွန်သူတရားခံများမှာ အသက် ၂၀ အရွယ်ရှိ အမျိုးသမီးငယ်များဖြစ်ကြောင်း၊ တောင်ကိုရီးယား အစိုးရက ၂၀၁၅ ခုနှစ်မှစတင်၍ အထောက်အထားမဲ့ မွေးဖွားလာသည့်ကလေးသူငယ် ၂၀၀၀ ကျော်၏ ကျန်းမာရေးစစ်ဆေးရန် ဆောင်ရွက်ချိန်မှစ၍ ကလေးသူငယ်အလွဲသုံးစားပြုခံရမှုနှင့် မွေးကင်းစ ကလေးငယ်စွန့်ပစ်/သတ်ဖြတ်ခံရမှု (child abuse or infanticide) များကို ဖော်ထုတ် စုံစမ်း သိရှိခဲ့ ရကြောင်း၊ ၂၀၂၃ ခုနှစ်တွင် တောင်ကိုရီးယားလူမျိုးစုံတွဲတစ်တွဲက ၎င်းတို့၏ငါးရက်သားအရွယ် မွေးကင်းစကလေးငယ်ကို South Gyeongsang ပြည်နယ်၊ Geoje အနီးရှိ မြစ်တွင် စွန့်ပစ်ခဲ့သဖြင့် လူသတ်မှုဖြင့် ထိန်းသိမ်းအရေးယူခဲ့ရကြောင်း ဖော်ပြထားပါသည်။

ပြင်ဆင်သည့်ဥပဒေကြမ်းတွင် မွေးကင်းစကလေးငယ်စွန့်ပစ်မှုအတွက် ပြစ်ဒဏ်ကို ၃ နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်ဝမ်ငါးသန်းအထိ တိုးမြှင့်ခဲ့ကြောင်း၊ ထို့ပြင် မွေးကင်းစကလေးအား စွန့်ပစ်ခြင်း၏ရလဒ်ကြောင့် ကလေးငယ်သေဆုံးပါက လက်ရှိအမြင့်ဆုံးထောင်ဒဏ်ဖြစ်သည့် အမြင့်ဆုံး

ထောင်ဒဏ် ၁၀နှစ်ကိုပယ်ဖျက်ပြီး တစ်သက်တစ်ကျွန်း သို့မဟုတ် သေဒဏ်ချမှတ်ရမည်ဖြစ်ကြောင်း ပြင်ဆင်ပြဋ္ဌာန်းထားပါသည်။

ကြီးလေးသော ပြစ်ဒဏ်ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ တောင်ကိုရီးယားနိုင်ငံ Hongik University ၏ ဥပဒေပါမောက္ခ Lee In-youn က ရာဇဝတ်မှုခင်းများတွင် ကြီးလေးသောပြစ်ဒဏ် ချမှတ်ခြင်း၊ ပြစ်ဒဏ်တိုးမြှင့်ခြင်းက အများပြည်သူ၏ စိုးရိမ်ပူပန်မှုကို ဖြေဖျောက်ရန်သာ အထောက် အကူဖြစ်ပြီး ရာဇဝတ်မှုကျူးလွန်နှုန်းလျော့ကျခြင်းနှင့် ဆက်နွယ်မှုမရှိကြောင်း၊ Korea National Open University ၏ ဥပဒေပါမောက္ခ Choi Jeong-hak ကလည်း အထူးရာဇဝတ်မှုများကို လွန်ကဲစွာပြစ်ဒဏ်သတ်မှတ်၍ တုန့်ပြန်ခြင်းက ပြစ်မှုတိုင်းတွင် ထိရောက်မှုရှိနိုင်မည်မဟုတ်ကြောင်း ၎င်း၏သုတေသနစာတမ်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

စွန့်ပစ်ခံရမှုကြောင့် မွေးကင်းစကလေးငယ် သေဆုံးသည့်မှုခင်း၏ရှေ့ပြေးအကြောင်းအရင်း တစ်ရပ်မှာ အမျိုးသမီးငယ်များသည် ဘေးကင်းလုံခြုံသည့်တရားဝင်ကိုယ်ဝန်ဖျက်ချခြင်းဝန်ဆောင်မှု (safe and legal abortion services)ကို ရယူနိုင်ခွင့်မရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ကိုရီးယားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဘေးကင်းလုံခြုံသည့် တရားဝင် ကိုယ်ဝန်ဖျက်ချခွင့် နှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းသင့်သည်ဟု ထုတ်ပြန်ခဲ့ခြင်းရှိသော်လည်း ဥပဒေပြုအာဏာပိုင်များက ယင်းကဏ္ဍကို ဆက်လက်အကောင်အထည်ဖော်ခဲ့ခြင်းမရှိကြောင်း သိရှိရပါသည်။

တရားမစွဲမီဥပဒေအကြံပေးရေးနှင့်တင်ပြချက်များစိစစ်ရေးဌာနခွဲ

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားဖော်ပြချက် : https://www.straitstimes.com/asia/east-asia/south-korea-parents-who-kill-newborns-now-face-death-penalty-after-law-passed

https://time.com/6296532/infanticide-south-korea/

## ထိုင်းနိုင်ငံ၏ Ignite Finance Initiative ကို ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးဗဟိုချက်ဖြစ်လာရန် မဟာဗျူဟာမြောက်တွန်းအားပေးမှု

၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ထိုင်းနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးဗဟိုချက်ဖြစ်သည့် နိုင်ငံတစ်ခုကိုထူထောင်ရန် မဟာဗျူဟာစီမံကိန်းတစ်ခုဖြစ်သည့် Ignite Finance initiative အစီအစဉ်ကိုထုတ်ဖော်ခဲ့သည်။ Ignite Finance initiative အစီအစဉ်တွင် ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ လုံခြုံရေး၊ ငွေရေးကြေးရေးလုပ်ငန်းနှင့် ဒစ်ဂျစ်တယ်ပိုင်ဆိုင်မှုလုပ်ငန်းများတွင် အဓိကထားဆောင်ရွက်ရန် ကဏ္ဍငါးခု ပါဝင်ပါသည်။ အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ကောင်းမွန်သောဥပဒေမူဘောင်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လွှတ်တော်နှင့်အစိုးရအဖွဲ့သို့တင်သွင်းပြီး အဆိုပါအစီအစဉ်ကို ဖွံ့ဖြိုးတိုးတက်စေရန် မျှော်မှန်းထားပါသည်။

Ignite Finance initiative အစီအစဉ်၏အဓိကအချက်သည် ရှေ့သို့တွေးခေါ်နိုင်သော စည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်း၊ အဆင့်မြင့်မက်လုံးများ မိတ်ဆက်ခြင်းနှင့် အနာဂတ်အတွက် အဆင်သင့်ရှိသော ဂေဟစနစ်ဖန်တီးခြင်းတို့ဖြစ်ပါသည်။

Ignite Finance သည် အခွန်ဆိုင်ရာနှင့် အခွန်မပါသောအကျိုးခံစားခွင့်များပါဝင်သည့် မက်လုံးအသစ်များစွာကို မိတ်ဆက်ပေးမည်ဖြစ်ပြီး ထိုင်းနိုင်ငံတွင် ဘဏ္ဍာရေးဆိုင်ရာစီးပွားရေးလုပ်ငန်းများ ထူထောင်ခြင်းနှင့်ချဲ့ထွင်ခြင်းကို အထောက်အပံ့ဖြစ်စေရန်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အားပေးရန်ဖြစ်ပါသည်။ ထို့ပြင် ထိုင်းနိုင်ငံ၏ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများအတွက် ပိုမိုဆွဲဆောင်မှုရှိသောနေရာတစ်ခုဖြစ်လာစေရန် အခွန်ဖြတ်တောက်မှု၊ ထောက်ပံ့ကြေးများနှင့် ပေါ့ပါးသွက်လက်သည့်လုပ်ငန်းစဉ်များကဲ့သို့ အစီအစဉ်များပါဝင်ပါသည်။

ထိုင်းနိုင်ငံ၏ဘဏ္ဍာရေးဂေဟစနစ်အား အားကောင်းလာစေရန်အတွက် အဓိကထားလုပ်ဆောင်ရာတွင် ပဏာမခြေလှမ်းအနေဖြင့် စီးပွားရေးလုပ်ငန်းများအတွက် ရရှိနိုင်သော အခြေခံအဆောက်အအုံနှင့်အရင်းအမြစ်များကို မြှင့်တင်ပေးခြင်းနှင့် ဝန်းကျင်ကောင်းတစ်ခုဖန်တီးပေးခြင်းတို့ပါဝင်ပါသည်။

Ignite Finance သည် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများအတွက် ခိုင်မာသော ပံ့ပိုးမှုစနစ်ဖန်တီးခြင်းအားဖြင့် ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်မှုနှင့် တည်ငြိမ်မှုကိုမြှင့်တင်ရန်ဖြစ်ပါသည်။

နိုင်ငံတကာကုန်သွယ်မှုစည်းမျဉ်းများကွဲလွဲမှုများသည် ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံသူများကိုဟန့်တားနိုင်သည့်အတွက် Ignite Finance ၏ ရှေ့သို့တွေးခေါ်နိုင်သော စည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်းအစီအစဉ်သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အတက်အကျများကို စီမံခန့်ခွဲရန်အရေးကြီးသည့်အစီအစဉ်ဖြစ်ပြီး ပိုမိုလိုက်လျောညီထွေမှုရှိကာ ပွင့်လင်းမြင်သာမှုရှိသည့် စည်းမျဉ်းများကိုချမှတ်ခြင်းဖြင့် ထိုင်းနိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍသို့ဝင်ရောက်လိုသော နိုင်ငံတကာစီးပွားရေးလုပ်ငန်းများအတွက် လွယ်ကူစွာ ဆောင်ရွက်စေရန်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်: https://www.aseanbriefing.com/news/thailands-ignite-finance-initiative/

## New Zealand နိုင်ငံ၏ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ တားမြစ်ချက်ကို ပြန်လည်ပြင်ဆင်ခြင်းဖြင့် စွမ်းအင်ကဏ္ဍမြှင့်တင်ခြင်း

New Zealand နိုင်ငံအစိုးရသည် စွမ်းအင်ကဏ္ဍလုံခြုံစိတ်ချမှုရှိစေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၆- ၈-၂၀၂၄ ရက်နေ့တွင် စွမ်းအင်ကဏ္ဍမြှင့်တင်ရေးနှင့်စပ်လျဉ်းသော ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ New Zealand နိုင်ငံအနေဖြင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာတားမြစ်ချက်ကို ယခုနှစ်အတွင်း ဥပဒေပြင်ဆင်ပြဋ္ဌာန်းခြင်းဖြင့် ပြန်လည်ပြင်ဆင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

New Zealand နိုင်ငံတွင် တွင်းထွက်ပစ္စည်းများရှာဖွေဖော်ထုတ်ခြင်းနှင့်စပ်လျဉ်း၍ Crown Mineral Act (CMA) ကို ၁၉၉၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ Taranaki ကုန်းတွင်းလုပ်ကွက်တွင် တွင်းထွက်ပစ္စည်းများတူးဖော်ထုတ်လုပ်ခြင်းအပေါ် တားမြစ်ချက်များကို ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့ကြောင်း၊ ယခုအခါ ၂၀၂၄ ခုနှစ်တွင် အဆိုပြုထားသည့် Crown Mineral Act (CMA) ကိုပြင်ဆင်မည့်ဥပဒေ၏အဓိကကဏ္ဍတစ်ရပ်ကို ပြန်လည်ပြင်ဆင်ခြင်းဖြင့် ၂၀၁၈ ခုနှစ် တားမြစ်ချက်များကို ပြန်လည်ပြင်ဆင်မည်ဖြစ်ကြောင်း၊ ယင်းအဆိုပြုချက်သည် ရင်းနှီးမြှုပ်နှံသူများ၏ယုံကြည်မှုကို မြှင့်တင်ရန်နှင့် New Zealand နိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍကို မြှင့်တင်ရန်အတွက် ရည်ရွယ်ကြောင်း၊ ယင်းပြင်ဆင်မည့်ဥပဒေကြမ်းသည် ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ကန့်သတ်တားမြစ်ချက်များကိုဖယ်ရှားရန်နှင့် ရေနံတူးဖော်ထုတ်လုပ်ခွင့်လိုင်စင်ရရှိသူများကို Taranaki ကုန်းတွင်းလုပ်ကွက်ဧရိယာများတွင် ကန့်သတ်တားမြစ်ခြင်းမှကာကွယ်ပေးနိုင်ရန်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

New Zealand နိုင်ငံသည် နိုင်ငံ၏စွမ်းအင်လုံခြုံမှုကဏ္ဍတိုးမြှင့်ရေးအတွက် အဆင့် (၅) ဆင့် ပါဝင်သောအစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအစီအမံတွင် ယခုနှစ်ကုန်ပိုင်းတွင် Crown Mineral Act (CMA) 1991 ကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် သဘောထားတောင်းခံသည့်လုပ်ငန်းစဉ်ကို ပြီးပြတ်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စွမ်းအင်

ရှားပါးမှုကို ကာကွယ်သည့်အစီအမံတစ်ခုအဖြစ် သဘာဝဓာတ်ငွေ့ရည်တင်သွင်းခြင်းတွင် အရေးကြီးသောအဆောက်အဦလိုအပ်ချက်များဆိုင်ရာအတားအဆီးများကို ဖယ်ရှားနိုင်ရန်ဖြစ်ကြောင်း၊ အစိုးရမှစွမ်းအင်ထုတ်လုပ်မှုဆိုင်ရာကန့်သတ်ချက်များကို ဖြေလျှော့စေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းကို ရေအားလျှပ်စစ်ဖြန့်ဖြူးရောင်းချသူများသို့ ခွင့်ပြုပေးရန်ဖြစ်ပြီး ယင်းသို့ခွင့်ပြုခြင်းဖြင့် ရေအားလျှပ်စစ်ဖြန့်ဖြူးရောင်းချသူများကို ရေအားလျှပ်စစ်ထုတ်လုပ်သည့်ရေလှောင်ကန်များသို့ဝင်ရောက်ခွင့်ပြု၍ လုပ်ငန်းပိုင်းဆိုင်ရာ risk management နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ယုံကြည်စိတ်ချစွာ စီမံဆောင်ရွက်နိုင်စေမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းဈေးကွက်ဆိုင်ရာစည်းမျဉ်းများကို တိုးတက်လာစေမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့ရာတွင် New Zealand နိုင်ငံရှိ ကဏ္ဍအသီးသီးမှ ပြောခွင့်ရပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများမှ မီတာခများဈေးမြှင့်တက်ခြင်းနှင့်ပြတ်လပ်မှုများဖြစ်ပေါ်ရခြင်းသည် အမြတ်ထုတ်မှုများကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပြီး ထုတ်လုပ်ရောင်းချသူများမှ ဈေးကွက်ကို လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းထက် အစိုးရမှပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် ပြန်လည်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သင့်ကြောင်း၊ အစိုးရမှချမှတ်ထားသည့်အစီအမံများနှင့် ပြင်ဆင်မည့်ဥပဒေမူကြမ်းများသည် သဘာဝပတ်ဝန်းကျင်ကာကွယ်မှုများကို ခြိမ်းခြောက်လာနိုင်ကြောင်းနှင့် ယင်းအစီအမံများကြောင့် ဖြစ်ပေါ်လာနိုင်သော ပျက်စီးဆုံးရှုံးနိုင်မှုများအပေါ် စိုးရိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ နိုင်ငံတစ်နိုင်ငံ၏စွမ်းအင်ကဏ္ဍမြှင့်တင်ရေးသည် အရေးကြီးသော မဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံ၏အခြေခံအဆောက်အအုံဖွံ့ဖြိုးစေသော လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်ရာ အစိုးရ-ပုဂ္ဂလိက အတူလက်တွဲပူးပေါင်းဆောင်ရွက်မှသာလျှင် တိုးတက်ကောင်းမွန်နိုင်မည်ဖြစ်ပါသည်။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရာတွင် လုပ်ငန်းနှင့်စပ်လျဉ်းသည့် Risk allocation သည် နှစ်ဦးနှစ်ဖက်လုံး၌ တာဝန်ရှိပေရာ အစိုးရအနေဖြင့် ဖြစ်ပေါ်လာနိုင်

သည့်အခြေအနေများအတွက် ကြိုတင်မျှော်မှန်းတွေးဆ၍ Risk Management များကို ကြိုတင်ဆောင်ရွက်ထားရှိသင့်သည်ဟု သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: [https://www.jurist.org/2024/08/new-zealand-to-revers-offshore-oil-and-gas-exploration-bal-this-year/](https://www.jurist.org/2024/08/new-zealand-to-revers-offshore-oil-and-gas-exploration-bal-this-year/)

## စင်ကာပူနိုင်ငံတွင် တောရိုင်းတိရစ္ဆာန်များကို ကူးသန်းရောင်းဝယ်သည့် ပြစ်မှုများအား ကြီးလေးသည့်ပြစ်မှုများ (Serious Offences) အဖြစ်သို့ ပြောင်းလဲသတ်မှတ်ခြင်း

စင်ကာပူနိုင်ငံတွင် ၃၀-၈-၂၀၂၄ ရက်နေ့မှစတင်၍ တောရိုင်းတိရစ္ဆာန်များကို ကူးသန်းရောင်းဝယ်သောပြစ်မှုများအား အုပ်စုဖွဲ့၍ကျူးလွန်ခြင်းများကို ဟန့်တားနိုင်ရန် ကြိုတင်ကာကွယ်သည့်လှုပ်ရှားမှု အနေဖြင့် ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုများအက်ဥပဒေ (Organised Crime Act) ၏ ဇယားတွင် ကြီးလေးသည့်ပြစ်မှုများအဖြစ် အဆိုပါတောရိုင်းတိရစ္ဆာန်များ ကူးသန်းရောင်းဝယ်သော ပြစ်မှုများအား ထည့်သွင်းကြောင်း စင်ကာပူနိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၉-၈-၂၀၂၄ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။

စင်ကာပူနိုင်ငံတွင် ယခင်က အမျိုးသားဥယျာဉ်ဘုတ်အဖွဲ့ (National Parks Board) မှ စုံစမ်းရရှိခဲ့သော တောရိုင်းတိရစ္ဆာန်များကို ကူးသန်းရောင်းဝယ်ခြင်းနှင့်စပ်လျဉ်းသည့်အမှုများသည် အုပ်စုဖြင့် ဂိုဏ်းဖွဲ့ကျူးလွန်ခဲ့ခြင်းနှင့်ဆက်စပ်နေသည်ဟု ဖော်ပြနိုင်ခြင်းမရှိခဲ့သော်လည်း အနာဂတ်တွင်ဖြစ်လာနိုင်ချေရှိကြောင်း၊ပြစ်မှုသည် အုပ်စုဖြင့်ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုဖြစ်ပြီး အများပြည်သူ၏အေးချမ်းလုံခြုံမှုအား ပြင်းထန်သည့်ခြိမ်းခြောက်မှုများဖြစ်ပေါ်စေသည်ဟု တွေ့ရှိရသည့်အခါများတွင် Organised Crime Act (ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုများအက်ဥပဒေ)၏ ဇယား၌ ထည့်သွင်းခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုများအက်ဥပဒေ (Organised Crime Act)၏ ဇယား၌ ထည့်သွင်းဖော်ပြနိုင်ရန်ဆုံးဖြတ်ချက်အား အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တောရိုင်းတိရစ္ဆာန်များကို ကူးသန်းရောင်းဝယ်ခြင်းအား အုပ်စုဖြင့် ကျူးလွန်ကြောင်းတွေ့ရှိရပါက ကျူးလွန်သည့်အကြောင်းခြင်းရာနှင့် အချက်အလက်များအပေါ်မူတည်၍ ထောင်ဒဏ် နှစ် ၂၀ အထိ ချမှတ်ခြင်းခံရနိုင်ကြောင်း ဖော်ပြထားသည်ကိုတွေ့ရပါသည်။

မျိုးသုဉ်းပျောက်ကွယ်လုနီးပါးမျိုးစိတ်များအက်ဥပဒေ (Endangered Species (Import and Export) Act) အရ ခွင့်ပြုချက်မရှိဘဲ ဇယားတွင်ဖော်ပြထားသောမျိုးစိတ်များကို တင်သွင်း / တင်ပို့ခြင်း

များအား ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုများအက်ဥပဒေ (Organised Crime Act)အရ ကြီးလေးသည့်ပြစ်မှုများအဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ဖော်ပြထားသည့်မျိုးစိတ်ဇယားတွင် ကျားသစ်၊ ရေဝက်၊ သင်းခွေချပ်နှင့် လင်းနို့ကဲ့သို့သောသတ္တဝါများပါဝင်ကြောင်း၊ တောရိုင်းတိရစ္ဆာန်များအက်ဥပဒေ (Wildlife Act) အရ တောရိုင်းတိရစ္ဆာန်များအား တရားမဝင်ရောင်းချခြင်း (သို့) တင်ပို့ခြင်း၊ သတ်ဖြတ်ခြင်း၊ ထောင်ချောက်ဆင်ဖမ်းဆီးခြင်းနှင့် တရားမဝင် ထိန်းသိမ်းထားခြင်းတို့ကိုလည်း ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုများအက်ဥပဒေ (Organised Crime Act) အရ ကြီးလေးသည့်ပြစ်မှုများတွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်အတွင်း စင်ကာပူအာဏာပိုင်များမှ တောရိုင်းတိရစ္ဆာန်နှင့် အိမ်မွေးတိရစ္ဆာန်များမှောင်ခိုကူးသည့်အမှု(၃၀)ခန့်တွေ့ရှိခဲ့ကြောင်း၊ အဆိုပါတွေ့ရှိမှုတွင် ပလပ်စတစ်သေတ္တာများအတွင်း ဖိသွတ်သွင်း၍ထည့်ထားသည့် ငှက်အကောင်ရေ ၃၃၇ ကောင် တွေ့ရှိမှုပါဝင်ကြောင်း၊ ၂၀၂၁ ခုနှစ်မှစတင်၍ အမျိုးသားဥယျာဉ်ဘုတ်အဖွဲ့ (National Parks Board) မှ တောရိုင်းတိရစ္ဆာန် (၁၈၀)ခန့် သိမ်းဆည်းခဲ့ရပြီး အဆိုပါအမှုများတွင် ပါဝင်ပတ်သက်ခဲ့သူများအနေဖြင့် Telegram လူမှုကွန်ယက်မှတစ်ဆင့် တရားမဝင်ရောင်းချခဲ့ခြင်းများပြုခဲ့ကြောင်း ဖော်ပြထားသည်ကို သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်များ

- https://www.singaporelawwatch.sg/
- https://www.mha.gov.sg/
- https://sso.agc.gov.sg/Act/OCA2015

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၃၅) ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၃ ရက်

## နီပေါနိုင်ငံတွင် Tik Tok အသုံးပြုမှုပိတ်ပင်ခြင်းအား ရုပ်သိမ်းခြင်း

နီပေါနိုင်ငံတစ်ဝန်းလုံးတွင် Tik Tok အသုံးပြုခြင်းအား ပိတ်ပင်ထားမှုကို ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ပြန်လည်ရုပ်သိမ်းလိုက်သည်။

လူမှုကွန်ရက်များအားလုံးကို တစ်ပြေးညီဆက်ဆံရန် ကက်ဘိနက်အစည်းအဝေးတွင် နီပေါနိုင်ငံဝန်ကြီးချုပ်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်ဝန်ကြီးချုပ်ဟောင်းက ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ နီပေါနိုင်ငံ၌ Tik Tok အသုံးပြုမှုအား ပိတ်ပင်ခြင်းဖြစ်ကြောင်း၊ အနောက်နိုင်ငံများက တရုတ်နည်းပညာအပေါ် ကန့်သတ်ပိတ်ပင်မှုကို နီပေါနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ခြင်းနှင့်အတူ လူမှုအသိုင်းအဝိုင်းအကြား ဆန့်ကျင်ဘက်သက်ရောက်မှုပျံ့နှံ့လာပြီး လူမှုသဟဇာတဖြစ်မှုကိုပါထိခိုက်လာသည်ဟု အစိုးရကဆိုကြောင်း၊ သို့ဖြစ်၍ လူမှုကွန်ရက်အသုံးပြုမှုအား စီမံခန့်ခွဲသည့်ညွှန်ကြားချက်ကို ၂၇-၁၁-၂၀၂၃ ရက်နေ့၌ ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းညွှန်ကြားချက်အရ လူမှုကွန်ရက်လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီများသည် နီပေါနိုင်ငံတွင် မှတ်ပုံတင်ခြင်း၊ point of contact တည်ထောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိရပါသည်။

Tik Tok ပိတ်ပင်မှုကြောင့် နီပေါအစိုးရအား ဝေဖန်မှုများမြင့်တက်ခဲ့သည့်အပြင် အစိုးရက ယင်းသို့ပိတ်ပင်ခြင်းသည် လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့်သတင်းအချက်အလက်များ ဆက်သွယ်ခွင့်ဖြစ်သည့် အခြေခံအခွင့်အရေးအား ထိခိုက်စေခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိသဖြင့် ရုပ်သိမ်းပယ်ဖျက်ပေးပါရန် နီပေါတရားလွှတ်တော်ချုပ်ရုံးသို့ လျှောက်ထားမှုများရှိခဲ့သော်လည်း တရားလွှတ်တော်ချုပ်ရုံးက ကနဦးကြားနာပြီးနောက် ပယ်ချခဲ့ကြောင်း တွေ့ရှိရပါသည်။

Tik Tok အသုံးပြုမှုနှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ အီးယူ၊ နယူးဇီလန်နှင့် ဩစတြေးလျစသည့်နိုင်ငံများတွင်လည်း ကန့်သတ်၊ ပိတ်ပင်မှုများရှိနေကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်: https://www.jurist.org/news/2024/08/nepal-to-lift-nationwide-ban-on-tiktok/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

